# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ဆဌမနေ့ အစီအစဉ်

# [ ၃၀-၁-၂၀၁၉ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးသန်းလင်းလင်း၊ မယ်စဲ့ မဲဆန္ဒနယ်၏ **မယ်စဲ့မြို့ပေါ်၌ ရေစုကန်နှင့် မယ်စဲ့ကျေးရွာအုပ်စု၊ ဟိုစဲ့ကျေးရွာတွင်တည်ရှိသော ဟိုစဲ့မြို့သစ်ဆည်ကို ပညာရှင်ဖြင့် ပြန်လည်ပြုပြင်ထိန်းသိမ်းပြင်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးထွန်းထွန်းနိုင်၊ ကနီ မဲဆန္ဒနယ်၏ **ကနီမြို့နယ်၊ ငုတ်ချောင်းစိမ့်ကွင်း၊ တောင်နီစိမ့်ကွင်းနှင့် ကံတောစိမ့်ကွင်းများရှိ စိုက်ပျိုးရန်ခက်ခဲလျက်ရှိသော လယ်ယာမြေများနှင့် မြေလွတ်၊ မြေလပ်များအား အလွယ်တကူ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နိုင်ရန် စိမ့်နုတ်မြောင်းများတူးဖော်၍ စနစ်တကျ လယ်ယာမြေများ ဖော်ထုတ်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဦးထွန်းလင်းမော်၊ ကြံခင်း မဲဆန္ဒနယ်၏ **ကြံခင်းမြို့နယ်၊ ကွန်ချောင်းတူးမြောင်းမကြီးပေါ်ရှိ ပြုပြင်ဆောင်ရွက်ရန် လိုအပ်သော တံတား(၈)စင်းအား မည်သည့် ဘဏ္ဍာရေးနှစ်တွင် စတင်ပြုပြင် ထိန်းသိမ်းပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစောသလေးစော၊ ရွှေကျင် မဲဆန္ဒနယ်၏ **လူဦးရေ၊ အမှုဖြစ်မှုနှုန်း နှင့် ခန့်အပ်သော တရားသူကြီးအချိုး ကွာဟချက်များသည့် တိုင်း ဒေသကြီး/ပြည်နယ်များတွင် တရားသူကြီးများ ထပ်မံဖြည့်စွက် ခန့်ထားရန် အစီအစဉ်ရှိ၊ မရှိနှင့် လောလောဆယ် ဖြည့်စွက်ခန့်ထားရန် အခက်အခဲများ ရှိပါက လူဦးရေ/အမှုဖြစ်မှုနှုန်းနှင့် ခန့်အပ်ထားသည့် တရားသူကြီးအချိုးနည်းသည့် တိုင်းဒေသကြီး/ပြည်နယ်မှ အချိုး များသည့် တိုင်းဒေသကြီး/ပြည်နယ်များသို့ အတတ်နိုင်ဆုံး ညီမျှအောင် စီမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးခင်ဇော်၊ ကော့သောင်း မဲဆန္ဒနယ်၏ **တရားရုံးများတွင် အမှုပွဲစားများ ပပျောက်ရေးကို မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **သနပ်ပင်မြို့နယ်၊ ကျိုက်ပဒိုင်ကြီး ကျေးရွာ၊ ကွင်းအမှတ်(၁၁၄၇–က) ကွင်း၊ မြဘုရားအရှေ့ကွင်း၊ ဦးပိုင်အမှတ်(၂၇/၄)၊ ဧရိယာ(၂.၃၄)ဧကရှိ ဦးအုန်းသွင်၏ လယ်ယာမြေနှင့် ဦးတင်ကို၏ အိမ်ခြံမြေအငြင်းပွားမှုမှာ ၂၃(က)အရ ကျေးရွာ လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့နှင့် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့၏ စီရင်ဆုံးဖြတ်ပိုင်ခွင့် ဖြစ်သော်လည်း သနပ်ပင်မြို့နယ်တရားရုံးမှ တရားမကျင့်ထုံး ဥပဒေအရ စီရင်**

**ဆုံးဖြတ်ခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်းရှိမရှိ မရှိပါက တရားရုံးတော်၏ စီရင်ချက်အမိန့်ဒီကရီအား ပယ်ဖျက်ပေးရန်နှင့် တရားရုံး၏ မှားယွင်းဆုံးဖြတ်ချက်အပေါ် နစ်နာမှုများအတွက် ပြန်လည်စိစစ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါက်တာဦးမြင့်သိန်း၊ ညောင်လေးပင် မဲဆန္ဒနယ်၏ **ဥပဒေဘွဲ့ရရှိပြီး ပုဂ္ဂိုလ်များ ရှေ့နေအလုပ်သင်အဖြစ် တင်သွင်းခွင့်ပြုရန် လျှောက်ထားရာတွင် နိုင်ငံသားပြုခွင့်ရ နိုင်ငံသားများနှင့် ဧည့်နိုင်ငံသား ဥပဒေဘွဲ့ရများအား ၁၉၅၅ ခုနှစ် ရှေ့နေအဖြစ် ဝင်ခွင့်နည်းဥပဒေများ အပိုဒ်(၃) အရ ရှေ့နေအလုပ်သင်အဖြစ် စာရင်းတင်သွင်းခွင့် မပြုကြောင်း သိရှိရပါသဖြင့် ထိုသို့တင်သွင်းခွင့်မပြုသည့်အတွက် ယင်းဥပဒေဘွဲ့ရများမှာ နစ်နာဆုံးရှုံးနေကြရပါသဖြင့် ၎င်းတို့အတွက် မည်သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီက **"အိမ်ခြံမြေ ဝန်ဆောင်မှု ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၇။ **"အိမ်ခြံမြေ ဝန်ဆောင်မှု ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီက တင်သွင်းသည့် **"အိမ်ခြံမြေ ဝန်ဆောင်မှု ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်က တင်သွင်းသည့် **"လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိလာသော ကုန်ကြမ်းများကို ကမ္ဘာ့ဈေးကွက်ဝင်**

**တန်ဖိုးမြှင့် ကုန်ပစ္စည်းများဖြစ်အောင် ပြည်တွင်း၌ပင် အရည်အသွေး ပြည့်မီအောင် ထုတ်လုပ်နိုင်ပြီး နိုင်ငံတကာသို့ ဈေးကွက်ချဲ့ထွင်နိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်၊

(ခ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၊

(ဂ) ဦးကျော်မင်းလှိုင်၊ ဥတ္တရသီရိ မဲဆန္ဒနယ်၊

(ဃ) ဦးဝင်းထူး၊ နမ့်ဆန် မဲဆန္ဒနယ်၊

(င) ဒေါ်ခင်သန်းနု၊ မင်းတုန်း မဲဆန္ဒနယ်၊

(စ) ဦးကျော်မြင့်၊ တိုက်ကြီး မဲဆန္ဒနယ်၊

(ဆ) ဒေါက်တာဦးတင်အောင်၊ ကျောက်ဆည် မဲဆန္ဒနယ်၊

(ဇ) ဦးရန်လင်း၊ ကျိုက်လတ် မဲဆန္ဒနယ်၊

(ဈ) ဦးပေါလ်ဆိုင်း၊ ဒီးမော့ဆို မဲဆန္ဒနယ်၊

(ည) ဦးဝင်းထွဋ်၊ ဖျာပုံ မဲဆန္ဒနယ်၊

၁၀။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။